## အာဏာသိမ်းစစ်ကောင်စီ၏ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး
## ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်းကျူးလွန်ခဲ့သော

# လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်
# စစ်ရာဇဝတ်မှုများ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ



၂၀၂၃ ခုနှစ်၊ ဧပြီလ
ကေအဲန်ယူ – သတင်းနှင့်ပြန်ကြားရေး (ဗဟို) မှ ထုတ်ဝေသည်။

# အာဏာသိမ်းစစ်ကောင်စီ၏ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုများ

*(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ)*

၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့ မှ မတ်လ (၃၁) ရက်နေ့အထိ ကေအဲန်ယူ–သတင်းနှင့်ပြန်ကြားရေး (ဗဟို)မှ ကောက်ယူထားသော အချက်အလက်မှတ်တမ်းများအရ အာဏာသိမ်းစစ်ကောင်စီ ကျူးလွန်ခဲ့သောဖြစ်စဉ်စုစုပေါင်း (၁၄) မျိုး ဖြစ်ပွားခဲ့ပြီး၊ အကြိမ်ရေ (၆၂၈) ကြိမ်ခန့် ဖြစ်ပွားခဲ့သည်။ *(ဖြစ်စဉ်အမျိုးအစားများသည် ယခင်ထုတ်ဝေခဲ့သော ဖြစ်စဉ်များအပေါ်အခြေခံသော ဖြစ်စဉ်အမျိုးအစားများဖြစ်ပြီး အချက်အလက်များ၊ ကြောင်းကျိုး ဆက်စပ်မှုနှင့် အုပ်စုဖွဲ့နိုင်မှု အပေါ်တွင်သား အခြေခံ ထားသည်။)*

| | ဖြစ်စဉ်အမျိုးအစားများ (၂၀၂၃ ဇန်နဝါရီလမှမတ်လအထိ) | ကြိမ်ရေ |
|---|---|---|
| | ငွေတောင်းခံခြင်း | (၁) |
| | နေအိမ်များအားဖျက်စီးခြင်း | (၁) |
| | နေအိမ်မီးရှို့ခြင်း | (၁၇) |
| | ပစ္စည်းဥစ္စာများအတင်းအဓမ္မသူဆောင်ခြင်း | (၇) |
| | ဖမ်းဆီးခြင်း/ဖမ်းဆီးသတ်ဖြတ် | (၁၂) |
| | ရွာသားများအသုံးပြုသောလမ်းများတွင်မိုင်းထောင်ခြင်း | (၁၆) |
| | ရွာသားများအားသေနတ်ဖြင့်အကြောင်းမဲ့ပစ်ခတ်ခြင်း | (၈) |
| | လက်နက်ကြီးပစ်ခတ်ခြင်း | (၄၃၈) |
| | လက်နက်ငယ်ပစ်ခတ်ခြင်း | (၁) |
| | လူသားဒိုင်းအဖြစ်ဖမ်းဆီးခေါ်ဆောင်ခြင်း | (၁) |
| | လေယာဉ်ဖြင့်ပစ်ခတ်ခြင်း | (၁၁၆) |
| | အတင်းအဓမ္မခိုင်းစေခြင်း | (၃) |
| | အတင်းအဓမ္မရွှေ့ပြောင်းစေခြင်း | (၁) |
| | ပြည်သူပိုင်စိုက်ပျိုး ခြံများအားမီးရှို့ဖျက်ဆီးခြင်း | (၆) |
| | **စုစုပေါင်း** | (၆၂၈) |


၎င်း (၃) လကြိမ် အစီရင်ခံစာသည် ၂၀၂၃ ဇန်နဝါရီလမှ မတ်လ ကုန်အထိ ပြည်သူလူထုများကို စစ်ရေးပစ်မှတ်အဖြစ် ရန်သူသဖွယ် ကျူးလွန်သည့် လေကြောင်းတိုက်ခိုက်ခြင်း၊ လက်နက်ကြီး/ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဖမ်းဆီး သတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ်အသုံးပြုခြင်း၊ နေအိမ်များအား မီးရှို့/ဖျက်စီးခြင်း၊ အတင်းအဓမ္မခိုင်းစေခြင်းနှင့်

ရွှေ့ပြောင်းခြင်း အစရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ကော်သူးလေ အုပ်ချုပ်နယ်မြေများအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုအဆင့် ကေအဲန်ယူ အရာရှိ ဝန်ထမ်းများမှ အဆင့်ဆင့်ပေးပို့လာသော အချက်အလက်များ၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် ဗဟိုဌာနချုပ်၏ နေ့စဉ်ပြုစုသော မှတ်တမ်း အချက်အလက်များမှ စုစည်းရရှိလာသောသက်သေ အထောက်အထား များအပေါ် အခြေခံ၍ ရေးသားပြုစုထားခြင်းဖြစ်သည်။


## ၁။ နောက်ခံအကြောင်းအရာ

၂၀၂၃ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ မတ်လ (၃၁) ရက်နေ့ အထိ အာဏာသိမ်းစစ်ကောင်စီမှ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်းရှိ ပြည်သူလူထုများအား လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှုများသည် ဆက်လက်ပြီး သိသိသာသာ တိုးမြှင့်လုပ်ဆောင်လာကြောင်း ကေအဲန်ယူ- သတင်းနှင့်ပြန်ကြားရေး (ဗဟို) မှတ်တမ်းထင်ထားသော အချက်အလက်များအားဖြင့် တွေ့မြင်နိုင်သည်။ ကေအဲန်ယူ၏ မှတ်တမ်း အချက်အလက်များ အရ ၂၀၂၃ ခုနှစ် (၃) လတာအတွင်း အာဏာသိမ်းစစ်ကောင်စီမှ တိုက်လေယာဉ်များ၊ တိုက်ခိုက်ရေးသုံးရဟတ်ယာဉ်များ၊ ဒရုန်းများအား အသုံးပြုကာ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ပြည်သူလူထု များကို လေကြောင်းမှ (၁၁၆) ကြိမ် ခန့်တိုက်ခိုက်ခဲ့သည်။ ဤ (၃)လတာ အတွင်း ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများဖြစ်သည့် ခလယ်လွိုထူ (ညောင်လေးပင်) ခရိုင်၊ မူတြော် (ဖာပွန်) ခရိုင်၊ ဒူးပလာယာခရိုင် အစရှိသော နယ်မြေများအတွင်းတွင် မှီတင်းနေထိုင်ကြသော ပြည်သူများသည် အာဏာသိမ်း စစ်ကောင်စီ၏ လေကြောင်း ထိုးစစ်ဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားနေကြရသည်။ အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးမှုရှိပြီး၊ နေအိမ်များ၊ ဆေးရုံများ၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်း၊ စေတီနှင့် ဘုရားကျောင်းများ၊ ဗလီများ ကဲ့သို့သော ဘာသာရေးအဆောက်အအုံများ ပျက်စီးမှုများ ရှိခဲ့ကြောင်း ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)၏ မှတ်တမ်း အချက်အလက်များအရ တွေ့မြင်နိုင်သည်။

၂၀၂၃ ခုနှစ် (ဇန်နဝါရီမှ မတ်လ) အတွင်း စစ်ကောင်စီမှ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံးရှိ ခရိုင်များအား လေယာဉ်ပစ်ခတ်မှု (ကြိမ်ရေ)




အောက်ပါဇယားသည် ၂၀၂၃ ခုနှစ် (ဇန်နဝါရီလမှ မတ်လ) အတွင်း အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုကြောင့် ပြည်သူလူထုများ ထိခိုက် သေဆုံး ပျက်စီးမှုများကို ဖော်ပြထားသော ဇယားဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လ အထိ အာဏာသိမ်းစစ်ကောင်စီမှ ပြည်သူလူထုများကို ရန်သူသဖွယ် ပစ်မှတ်ထား တိုက်ခိုက်မှု အကြိမ်ရေ (၁၁၆) ကြိမ်တိတိ ကျူးလွန်ခဲ့မှုကြောင့် ပြည်သူများ၏ နေအိမ်ပျက်စီးမှု (၁၆၂) လုံး၊ ပြည်သူလူထု သေဆုံးမှု (၁၅) ဦး၊ ပြည်သူထိခိုက်မှု (၂၀) ဦးထိ ရှိခဲ့သည်။ အလားတူပင် တိုက်ခိုက်ရေးသုံးရဟတ်ယာဉ် အသုံးပြု တိုက်ခိုက်မှုကြောင့် ပြည်သူလူထုပိုင် အဆောက်အအုံ (၃၇)လုံး (စပါးကျည်၊ စပါးကြိတ်စက်၊ ဈေးဆိုင်)၊ ဆေးရုံ (၂) လုံး၊ စာသင်ကျောင်း (၄) ကျောင်း၊ ဘုန်းကြီး/သီလရှင်ကျောင်း (၃) ကျောင်း၊ ဘုရားကျောင်း (၄) ကျောင်း နှင့် ဗလီကျောင်း (၁) ကျောင်းပျက်စီးမှုများရှိခဲ့သည်။





လေကြောင်းတိုက်ခိုက်မှုကို စစ်၏ သဘောတရားအရ တိုက်ခိုက်သူနှစ်ဦးနှစ်ဖက်ကသာ အပြန်အလှန် စစ်ရေးပစ်မှတ်အဖြစ် ရှိနေသော အခင်းအကျင်းတွင် ပြည်သူလူထုအတွက် ထိခိုက်ပျက်ဆီးမှု နည်းနိုင် သော်လည်း ပြည်သူလူထုကို စစ်ရေး အတွက် ခုတုံးလုပ် အမြတ်ထုတ်ပြီး လေကြောင်းဖြင့် ပစ်မှတ်ထား တိုက်ခိုက်ရာတွင်မူ စစ်ရာဇဝတ်မှုများကို ပြောင်ပြောင် တင်းတင်း ကျူးလွန်ခြင်းဖြစ်သည့် အတွက် လူ့အခွင့်အရေးများစွာကို ချိုးဖောက် ဖျက်ဆီးမှုလည်း ဖြစ်နှင့်ပြီး ဖြစ်သည်။

## ၂။ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း


အာဏာသိမ်းစစ်ကောင်စီတပ်များသည် အပြစ်မဲ့ပြည်သူလူထုများကို ရန်သူသဖွယ် စစ်ရေးပစ်မှတ်ထား တိုက်ခိုက်ရာ တွင် လေကြောင်းကဲ့သို့ သက်ရောက်မှု ပြင်းထန်သော အခြားသော တိုက်ခိုက်မှုတစ်မျိုးမှာ မြေပြင်မှ တိုက်ခိုက်ဖျက်ဆီးမှု ဖြစ်သည်။ အောက်ပါဇယားအရ အာဏာသိမ်းစစ်ကောင်စီတပ်သည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ကျေးရွာနေ ပြည်သူလူထုများကို ပစ်မှတ် ထားပြီး လက်နက်ကြီးပစ်ခတ်မှု အကြိမ်ပေါင်း (၄၃၈) ကြိမ် ကျူးလွန်ခဲ့ပြီး ပြည်သူ့လူထု၏ နေအိမ်ပေါင်း (၃၈၆) လုံးကို ဖျက်ဆီးခဲ့သည်။ စစ်ကောင်စီ၏ ဥပဒေမဲ့စွာ ထင်ရာစိုင်း လက်နက်ကြီးပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၂၅) ဦး အသက်ဆုံးရှုံးခဲ့ရပြီး၊ ကျေးရွာပြည်သူများ (၁၂၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဆေးရုံ (၁) လုံး ၊ ဘုန်းကြီးကျောင်း (၄) ကျောင်း၊ စာသင်ကျောင်း (၂) ကျောင်းနှင့် အဆောက်အအုံ (စပါးကျည်၊ စပါးကြိတ်စက်၊ ဈေးဆိုင် (၅) လုံး ပျက်စီးမှုများရှိကြောင်း ကေအဲန်ယူ–သတင်းနှင့် ပြန်ကြားရေး (ဗဟို) မှ အချက်အလက်များကောက်ယူ မှတ်တမ်း တင်ထားသည်။










၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ပြည်သူများအား လက်နက်ကြီးနှင့်အတူ လက်နက်ငယ်ပစ်ခတ်မှု (၆) ကြိမ်တိတိ ပစ်ခတ်ခဲ့ပြီး နေအိမ် (၁) လုံးပျက်စီးမှု ရှိခဲ့သည်။ ထို့အပြင်၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ အာဏာသိမ်းစစ်ကောင်စီ၏ ပြည်သူများအား သေနတ်ဖြင့် အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ကျေးရွာနေ အရပ်သားပြည်သူ (၈) ဦး သေဆုံးခဲ့သည်။ ထို့သို့ ရည်ရွယ်ချက်ရှိရှိ အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူ (၈) ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး နှင့် အိုးအိမ် (၂) လုံး ပျက်စီးခဲ့ရသည်။




ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်မှုနယ်မြေများအတွင်း အရပ်သားပြည်သူလူထုများ နေရာထိုင်ရာ နေရာများနှင့် ရွာသားများအသုံးပြုသောလမ်းများတွင် အာဏာသိမ်းစစ်ကောင်စီတပ်များမှ မြေမြှုပ်မိုင်းများကို ထောင်ထားသည့်အတွက် ကျေးရွာလူထုများထိခိုက်သေဆုံး ဒဏ်ရာရသည့် အချက်အလက်များကို ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)မှ မှတ်တမ်းကောက်ယူထားသည်။ ၂၀၂၃ (ဇန်နဝါရီလမှ မတ်လ) အထိ မှတ်တမ်းအချက်အလက်များအရ ကျေးရွာနေပြည်သူလူထုများ အသုံးပြုသော ရွာချင်းဆက်လမ်းများ၊ လယ်တောထဲသို့ သွားရန် အသုံးပြုသောလမ်းများ၊ ကျေးရွာတွင်းလမ်းများတွင် မြေမြှုပ်မိုင်းများ ထောင်ထားသောကြောင့် ပြည်သူ (၄) ဦး သေဆုံးခဲ့ပြီး၊ (၁၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ထိခိုက်ဒဏ်ရာရသည်ဟုဆိုရာ၌ ၎င်းတို့သည် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပျက်ဆီးဆုံးရှုံးမှုများ ဖြစ်ကြသည်။

## ၂၀၂၃ ခုနှစ် (ဇန်နဝါရီမှ မတ်လ) အတွင်း အာဏာသိမ်းစစ်ကောင်စီမှ ရွာသားများအသုံးပြုသောလမ်းများတွင် မိုင်းထောင်ခြင်းကြောင့် ထိခိုက်၊ သေဆုံးမှုများ













ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)မှ မှတ်တမ်းပြုစု ရရှိသောအချက်အလက်များအရ အာဏာသိမ်း စစ်ကောင်စီမှ ပြည်သူလူထုများအား အကြောင်းမဲ့ဖမ်းဆီး၍ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် လူသားဒိုင်းအဖြစ်ဖမ်းဆီး ခေါ်ဆောင်သွားခြင်း စသည့် စစ်ရာဇဝတ်မှုကျူးလွန်သူများသည် ပြည်သူများကို ၎င်းတို့၏ လူ့အရင်းအမြစ်ဖြတ်ခြင်းနှင့် သတင်းအရင်းအမြစ်များဖြတ်ခြင်းဟူသော ခေါင်းစဉ်အောက်မှ စနစ်တကျ ကျူးလွန်ကြသည်။

ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)၏ မှတ်တမ်း အချက်အလက်များအရ အာဏာသိမ်းစစ်ကောင်စီ တပ်များ နှင့် စစ်ကောင်စီလက်အောက်ခံတပ်များမှ ကျေးရွာနေပြည်သူ (၄၆) ဦးကို ဖမ်းဆီးသည့် အကြိမ်ပေါင်း (၁၂) ကြိမ်တိုင်တိုင် ရှိခဲ့သည်။ ထိုသို့ ဖမ်းဆီးခံရသော အရပ်သားပြည်သူများအား ညှင်းပမ်းနှိပ်စက်မှု ကြောင့် အသက်ဆုံးရှုံးသူ (၃) ဦးရှိခဲ့သည်။

အရပ်သားပြည်သူများကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းသည် မိမိတို့၏ ကိုယ်ကျိုးစီးပွား အတွက်သာမက၊ စစ်ရေးအကျိုးအမြတ်အတွက်ပါ ပြည်သူလူထုကို ခုတုံးလုပ် အမြတ်ထုတ်ခြင်းဖြစ်သည်။ လူသား ဒိုင်းအဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားသည့်အပြင် လိုအပ်ပါက လက်နက်နှင့် ရိက္ခာ သယ်ယူရေးအတွက် အသုံးပြုကြသည်။ ထိုသို့ အရပ်သား ပြည်သူများကို အစုလိုက်အပြုံလိုက် ဖမ်းဆီးပြီး လူသားဒိုင်းအဖြစ် အသုံးပြုမှု (၁) ကြိမ်ဖြစ်ပွားပြီး၊ အရပ်သားပြည်သူ (၄) ဦး ဖမ်းဆီးခံခဲ့ရသည်။



ကေအဲန်ယူ- သတင်းနှင့်ပြန်ကြားရေး (ဗဟို) မှ ထုတ်ဝေသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ












အာဏာသိမ်းစစ်ကောင်စီ၏ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး
ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ကျူးလွန်ခဲ့သော


# လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်
# စစ်ရာဇဝတ်မှုများ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ


## ၄။ ကျေးရွာများအတွင်း လုယက်၊ ဖျက်ဆီး၊ မီးရှို့ခြင်း

အာဏာသိမ်းစစ်ကောင်စီစစ်ကြောင်းများသည် ကျေးရွာများသို့ဝင်ရောက်လာသောအခါ အရပ်သား ပြည်သူများသည် ၎င်းတို့၏ ကျေးရွာများကို စွန့်ခွာထွက်ပြေးလေ့ရှိသည်။ အရပ်သားပြည်သူများသည် ၎င်းတို့၏ အသက်အန္တရာယ်အတွက် အိုးအိမ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်ကြရသည်။ ကျန်ရစ်ခဲ့သော အရပ်သားပြည်သူများ၏ တန်ဖိုးကြီးပစ္စည်းများကို ခိုးယူခြင်း၊ အိမ်မွေးတိရစ္ဆာန်များကို သတ်ဖြတ်စားသုံးခြင်း၊ ၎င်းတို့အတွက် အသုံးဝင်နိုင်သော မည်သည့် ပစ္စည်းကိုမဆို စိတ်အလိုကျ ယူဆောင်ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် အရပ်သားပြည်သူလူထု၏ အိုးအိမ်များကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လေ့ရှိသည်။ ဤသို့လုပ်ဆောင်ခြင်းသည် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ကော်သူးလေအုပ်ချုပ်နယ်မြေအတွင်းရှိ ပြည်သူလူထုများ၏ မည်သည့်ပိုင်ဆိုင်မှုမဆို ပျက်စီးဆုံးရှုံးခြင်း များရှိပါက ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံးသို့ အထောက်အပံ့အဖြစ် ရောက်ရှိတော့မည် မဟုတ်ကြောင်း ယူဆချက်ဖြင့် ကျူးလွန်ကြသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပြည်သူလူထုများ စစ်ဘေးရှောင်ဘဝသို့ ရောက်ရှိအောင် ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျကျူးလွန်ခြင်းဖြင့် ကေအဲန်ယူအပါအဝင် အခြားသောတော်လှန်ရေးအဖွဲ့အစည်းများကို ပို၍ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။


အာဏာသိမ်းစစ်ကောင်စီတပ်များသည် အရပ်သားပြည်သူလူထု၏ နေအိမ်များကို မီးရှို့ခဲ့သော အကြိမ်ပေါင်း (၁၇) ကြိမ်ရှိပြီး အိမ်ပေါင်း (၈၁) လုံး မီးရှို့ခံခဲ့ရသည်။ ထိုသို့ကျေးရွာရှိ နေအိမ်များမီးရှို့မှုကြောင့် အဆောက်အုံး (၆) လုံးပျက်စီးခဲ့ပြီး၊ ပြည်သူ (၅) ဦး ထိခိုက် မှုရှိခဲ့သည်။





ထို့နောက် အာဏာသိမ်းစစ်ကောင်စီတပ်နှင့် စစ်ကောင်စီလက်အောက်ခံတပ်များသည် ကျေးရွာလူထု၏ အိုးအိမ်များကို အကြောင်းမဲ့ဖျက်ဆီးမှုများ ပြုလုပ်သည်ကို ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)၏ မှတ်တမ်း အချက်အလက်များအရ တွေ့ရှိရသည်။ ၎င်းတို့သည် ပြည်သူ့အိုးအိမ်များကို ဖျက်ဆီးမှု အကြိမ်ရေ (၁) ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီး၊ နေအိမ်ပေါင်း (၂) လုံး ဖျက်ဆီးခဲ့သည်။





၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ စစ်ကောင်စီတပ်များ နှင့် စစ်ကောင်စီလက်အောက်ခံတပ်များမှ ကျေးရွာနေပြည်သူလူထုများ၏ တန်ဖိုးကြီးငယ်ပိုင်ဆိုင်မှုများကို အိုးအိမ် (၈) အိမ်တွင် ခိုးယူခြင်း၊ ဖျက်ဆီးခြင်း၊ အတင်းအဓမ္မယူဆောင်ခြင်းများကို (၇) ကြိမ်တိတိ ကျူးလွန်ခဲ့သည်။




အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံတပ်များမှ ကျေးရွာနေပြည်သူများအား နည်းအမျိုးမျိုးဖြင့် အတင်းအဓမ္မ ခြိမ်းခြောက်စေခိုင်းခြင်းများ ပြုလုပ်ခဲ့သည်။ ၂၀၂၃ ဇန်နဝါရီလမှ မတ်လအထိ ကျေးရွာနေပြည်သူ (၁၁၀၉) ဦးအား အတင်းအဓမ္မ ခြိမ်းခြောက်စေခိုင်းမှုပြုပြီး ကျေးရွာပေါင်း (၈) ရွာတွင် ကျူးလွန် ခဲ့ကြောင်း ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)၏ မှတ်တမ်းအချက်အလက်များအရ တွေ့ရသည်။




အလားတူပင် အာဏာသိမ်းစစ်ကောင်စီတပ်များနှင့် စစ်ကောင်စီလက်အောက်ခံတပ်များမှ ကျေးရွာနေ ပြည်သူလူထုများအား နည်းအမျိုးမျိုးဖြင့် အတင်းအဓမ္မ ခြိမ်းခြောက်စေခိုင်းခြင်းများ ပြုလုပ်သည့်အပြင် ရွာသားများအား အတင်းအဓမ္မပြောင်းရွှေ့ခြင်းများလည်း ပြုလုပ်ခဲ့သည်။ ၂၀၂၃ ဇန်နဝါရီလမှ မတ်လအထိ ကျေးရွာနေ ပြည်သူ (၂၈၁၁) ဦး၊ အိမ်ထောင်စု (၄၈၆) စုအား အတင်းအဓမ္မရွှေ့ပြောင်းစေခြင်းကို ကျေးရွာ (၂) ရွာတွင် ကျူးလွန်ခဲ့ကြောင်း ကေအဲန်ယူ-သတင်းနှင့်ပြန်ကြားရေး (ဗဟို)၏ မှတ်တမ်းအချက်အလက်များအရ တွေ့ရသည်။






ကေအဲန်ယူ- သတင်းနှင့်ပြန်ကြားရေး (ဗဟို) မှ ထုတ်ဝေသည်။

၂၀၂၃ ခုနှစ်၊ ဧပြီလ





အာဏာသိမ်းစစ်ကောင်စီ၏ ကေအဲန်ယူ – ကရင်အမျိုးသားအစည်းအရုံး
ကော်သူးလေအုပ်ချုပ်နယ်မြေများအတွင်း ကျူးလွန်ခဲ့သော

# လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်
# စစ်ရာဇဝတ်မှုများ

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ မတ်လအထိ



၂၀၂၃ ခုနှစ်၊ ဧပြီလ
ကေအဲန်ယူ - သတင်းနှင့်ပြန်ကြားရေး (ဗဟို) မှ ထုတ်ဝေသည်။